MYANMAR MEITI Extractive Industries Transparency Initiative

**၂၀၁၈ ခုနှစ် မေလ (၁၇) ရက်နေ့၊ နေ့လည် (၁း၀၀) နာရီ မှ ညနေ (၀၄း၀၀) နာရီအထိ ရန်ကုန်မြို့ရှိ Signature Fine Dining တွင် ကျင်းပပြုလုပ်သော ပြန်ကြားဆက်သွယ်ရေးနှင့် ပြင်ပဆက်ဆံရေး လုပ်ငန်းခွဲကော်မတီ (Communication & Outreach Sub-committee) အစည်းအဝေးမှတ်တမ်း**

## ၁။ ရည်ရွယ်ချက်

ပြန်ကြားဆက်သွယ်ရေးနှင့် ပြင်ပဆက်ဆံရေး လုပ်ငန်းခွဲကော်မတီ (Communication & Outreach Sub-committee) အစည်းအဝေးကို ပြည်နယ်နှင့်တိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းရေးအဖွဲ့ (Sub-National Coordination Unit-SNU) ဖွဲ့စည်းမှု အခြေအနေများအား ဆွေးနွေးရန်၊ SNU ခရီးစဉ် (စစ်ကိုင်း၊ ရှမ်း) ဆွေးနွေးရန် နှင့် MEITI အစီရင်ခံစာများ ပရင့်ထုတ်လုပ်နိုင်မှုအခြေအနေများအားဆွေးနွေး ရန်နှင့် ပြန်ကြားဆက်သွယ်ရေး မဟာဗျူဟာနှင့် ပြန်ကြားဆက်သွယ်ရေး အစီအစဉ်အား ဆွေးနွေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။

## ၂။ အစည်းအဝေးတက်ရောက်သူများ

လုပ်ငန်းအစီအစဉ်နှင့် စီမံအုပ်ချုပ်မှု လုပ်ငန်းခွဲကော်မတီအစည်းအဝေးသို့ သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ အစိုးရကိုယ်စားလှယ် (၂) ဦး၊ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ် (၂) ဦး၊ ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ် (၁) ဦး၊ ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ် (၁) ဦး၊ MOBD မှ ကိုယ်စားလှယ် (၄) ဦး၊ NCS ရုံးမှ တာဝန်ရှိသူ (၉) ဦး၊ စုစုပေါင်း (၁၉) ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေး တက်ရောက်သူများ စာရင်းအသေးစိတ်ကို နောက်ဆက်တွဲ (၁) တွင်ဖော်ပြထားပါသည်။

## ၃။ ပြည်နယ်နှင့်တိုင်းဒေသကြီး လုပ်ငန်းညှိနှိုင်းရေးအဖွဲ့ (Sub-National Coordination Unit-SNU) ဖွဲ့စည်းမှု အခြေအနေ၊ MEITI Website နှင့် Report Launch အတွက် အစီရင်ခံများ ထုတ်ဝေနိုင်မှုအခြေအနေများအား ဆွေးနွေးခြင်း (ပြန်ကြားဆက်သွယ်ရေးတာဝန်ခံ၊ ညှိနှိုင်းရေးရုံး)

SNU ခရီးစဉ်များ သွားရောက်မှု ရက်စွဲများဆွေးနွေးရာတွင် တနင်္သာရီတိုင်း SNU ဖွဲ့စည်းခြင်းအလုပ်ရုံဆွေးနွေးပွဲနှင့် SNU ဖွဲ့စည်းရန်အတွက် အဖွင့်မိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲ ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ တွင် သွားရောက်ပြီးစီးခဲ့ပါကြောင်း၊ ဧပြီလတွင် ဖွဲ့စည်းပြီးကြောင်းအမိန့်စာ ရရှိခဲ့ပါကြောင်း၊ ထိုအမိန့်စာတွင် SNU အဖွဲ့ဝင်စာရင်းများမှားယွင်းခြင်းနှင့် အချို့သော အကြောင်းအရာများ မှားယွင်းနေ သော ကြောင့် ပြန်လည်ပြင်ဆင်ပေးရန် တနင်္သာရီတိုင်းအစိုးရသို့ အကြောင်းကြားခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ်၊ မေလ (၁၆) ရက်နေ့တွင် တနင်္သာရီတိုင်းအစိုးရမှ အမိန့်စာ ပြန်လည်ထုတ်ပေးခဲ့ပါသည်။ ထို အမိန့်စာကိုလည်း သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ကိုယ်စားလှယ်များထံသို့ ဖြန့်ဝေပေးပြီး ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် မေလ (၄) ရက်နှင့် (၅) ရက်နေ့များတွင် မနလေးနှင့် မကွေးတိုင်းအား တဆက်တည်း

သွားရောက်ခဲ့ပါ ကြောင်း၊ မကွေးတိုင်းသို့သွားရာတွင် ကနဦးမိတ်ဆက်တွေ့ဆုံခြင်းအစည်းအဝေးပြုလုပ်ရန် သွားရောက်ခဲ့ကြောင်း၊ မန္တလေးတိုင်းသို့သွားရာတွင် မန္တလေးတိုင်းတွင် ဖွဲ့စည်းပြီးသား SNU အဖွဲ့အတွက် MEITI လုပ်ငန်းစဉ်များပိုမိုနားလည်စေရန်နှင့် SNU ဖွဲ့စည်းရသည့် အခန်းကဏ္ဍ၊ ရည်ရွယ်ချက်များ သိရှိစေရန် အလုပ်ရုံဆွေးနွေးပွဲသဘောမျိုး ပြုလုပ်ကျင်းပခဲ့ကြောင်း၊ မကွေးတိုင်း SNU ကိစ္စအတွက် ဆွေးနွေးရာတွင် မကွေးတိုင်းဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌများမှ မကွေး SNU ဖွဲ့စည်းခြင်းခရီးစဉ်အား ၂၀၁၈ ခုနှစ် ဖွန်လအတွင်းတွင် လာရောက်ရန် အသိပေးသတင်းပါးခဲ့ပါကြောင်း၊ မကွေးတိုင်းအစိုးရမှ အချိန်ပေးနိုင်မည့်ရက်ကို အကြောင်းကြားမည်ဟု သိရကြောင်း၊ မိမိတို့မှ ပြန်လည်ဆက်သွယ်ကြည့်ထားသော်လည်း မကွေးတိုင်းအစိုးရမှ အချိန်အတိအကျပေးနိုင်ရန် မဆုံးဖြတ်ရသေးကြောင်းအကြောင်း ပြန်ထားပါကြောင်း၊ ရှမ်း SNU ခရီးစဉ်အတွက် ဆက်သွယ်ထားရာတွင် ရှမ်းပြည်နယ် အစိုးရနှင့်အဖွဲ့များမှ ၂၀၁၈ ခုနှစ် မေလ နောက်ဆုံးအပတ်နှင့် ဖွန်လ ပထမအပတ်တွင် လာရောက်နိုင်ပါက အဆင်ပြေမည်ဖြစ်ကြောင်း အကြောင်းပြန်ထားပါကြောင်း၊ ထိုရက်များအတွင်း ကိုယ်စားလှယ်များ ရှမ်းပြည်နယ်ခရီးစဉ်လိုက်ပါနိုင်မည့် သူစာရင်းပေးနိုင်ရန်၊ ရှမ်းပြည်နယ်အစိုးရ၊ လွှတ်တော်နှင့် ညှိနှိုင်းရေးမှူး အားလပ်မည့်ရက်များအား ညှိနှိုင်းပြီး ကိုယ်စားလှယ်များအား အချိန်နှင့်တပြေးညီ အကြောင်းကြားပေးမည်ဖြစ်ပါကြောင်း၊ အားလုံးတူညီသည့် ရက် သိရှိရပါက ထိုသတ်မှတ်ရက်အတွင်း သွားမည်ဟု ရည်ရွယ်ထားကြောင်း၊ မန္တလေးတိုင်း SNU ကိစ္စအတွက် အစည်းအဝေးတွင် မန္တလေးတိုင်းဝန်ကြီးချုပ်အပါအဝင် မန္တလေး SNU တွင်ပါဝင် သော သယံဇာတဝန်ကြီး၊ အခြားလွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းအစိုးရအဖွဲ့ဝင်များ၊ ဖွဲ့စည်းပြီးသား SNU အဖွဲ့ဝင်ကိုယ်စားလှယ်အားလုံးတက်ရောက်ခဲ့ပြီး ညှိနှိုင်းရေးမှူး နှင့် ညှိနှိုင်းရေးရုံးဝန်ထမ်းများ၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါကြောင်း၊ အစည်းအဝေးတွင် EITI အသိအမြင်ပေးခြင်း၊ SNU ဖွဲ့စည်းခြင်းရည်ရွယ်ချက်များအပြင် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ၊ မြေပြင်အခြေအနေများ၊ တွေ့ကြုံနေရသည့်အခက်အခဲများ၊ လက်ရှိ EITI အကောင်အထည်ဖော်မှုအခြေအနေများ၊ ထွက်ရှိထားပြီးသော EITI ဒုတိယအကြိမ်အစီရင်ခံစာများမှ အချို့သော အချက်အလက်များအား ကောက်နှုတ်တင်ပြခြင်းများ စသည်တို့ကို ဆွေးနွေးခဲ့ပါကြောင်း၊ အဓိကအနေဖြင့် အချက်လေးချက်ဆွေးနွေးခဲ့ပြီး (၁) မန္တလေးတိုင်းတွင် ဘာကြောင့် SNU ကို ကြိုတင်ဖွဲ့စည်းခဲ့သည်ကို ဝန်ကြီးချုပ်မှ ရှင်းပြရာတွင် မန္တလေးတိုင်းတွင် သယံဇာတများ ပေါကြွယ်စွာထွက်ရှိလုပ်ကိုင်နေသောကြောင့် EITI လုပ်ငန်းစဉ် အတွက် အရေးကြီးသည်ဟု ယူဆခြင်း၊ (၂) သယံဇာတပွင့်လင်းမြင်သာမှုနှင့် ပတ်သက်၍ စိတ်ဝင်စားသောကြောင့် ညှိနှိုင်းရေးရုံးမှ SNU ဖွဲ့စည်းရန် ညွှန်ကြားစာများ မန္တလေးတိုင်းသို့ ရောက်ရှိသည်နှင့် စောလျင်စွာ ဖွဲ့စည်းခဲ့မိပါကြောင်း၊ (၃) မန္တလေးတိုင်းဒေသကြီးတွင် တွေ့ကြုံနေရသည့်အခက်အခဲများအား ရှင်းပြရာတွင် ယခင်က တွင်းထွက်လုပ်ငန်းစွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်း၊ သတင်းအချက်အလက်ပွင့်လင်းမြင်သာမှုမရှိခြင်းများ ကြုံတွေ့ခဲ့ရကြောင်း၊ EITI အကောင်အထည်ဖော်ဆောင်ရွက်လာသည့်အတွက် သတင်းအချက်အလက်များ ပိုမိုပွင့်လင်းမှုရှိလာကြောင်း၊ (၄) EITI နှင့် ပတ်သက်သည့် မေးခွန်းများ မေးမြန်းခြင်း ကိစ္စတွင် မေးမြန်းသည့် မေးခွန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများမှ အကောင်းဆုံးပြန်လည်ဖြေကြားခဲ့ကြောင်း၊ နောက်ပိုင်း SNU အစည်းအဝေးများတွင် ပြန်လည်ဖြန့်ဝေမှုများ ပြုလုပ်နိုင်ကြောင်း၊ (၅) SNU အဖွဲ့အနေဖြင့် အဖွဲ့ဖွဲ့စည်းထားသော်လည်း မည်သည့်လုပ်ငန်းများ လုပ်ဆောင်ရမည်ကို

မသိသော ကြောင့် လုပ်ငန်းအစီအစဉ်ရွေးဆွဲနိုင်ရန် အကြမ်း ပြင်းလမ်းကြောင်းပြပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ မန္တလေးတိုင်းတွင် ဖြစ်နေသည့် အခက်အခဲများကို ဖြေရှင်းနိုင်မည့် လုပ်ငန်းအစီအစဉ်ဖြစ်ရန် ဦးတည်ဆွဲရန် ဆွေးနွေးခဲ့ကြောင်း၊ လုပ်ငန်းအစီအစဉ်ဆွဲသည့်အခါ ညှိနှိုင်းရေးရုံးနှင့် သုံးပွင့်ဆိုင်ကိုယ်စားလှယ်များ ကူညီပေးမည်ဖြစ်ကြောင်း၊ ၎င်းတို့ SNU အဖွဲ့၏ တတိယအကြိမ် အစည်းအဝေးတွင် လုပ်ငန်းအစီအစဉ်ဆွဲမည်ဟု သိရကြောင်း၊ မိမိတို့မှ SNU အစည်းအဝေးများပြုလုပ်ရာတွင် မှတ်တမ်းများထားရှိရန်နှင့် အခက်အခဲများ ဖြေရှင်းနိုင်မှု မှတ်တမ်းများလည်း ထားရှိပေးရန် အသိပေးခဲ့ကြောင်း၊ ရှေ့လာမည့် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့အစည်းအဝေးများတွင်လည်း SNU ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးများကို အလှည့်ကျဖြင့် ဖိတ်ခေါ်မည်ဖြစ်ကြောင်း၊ ၎င်းတို့မှ တင်ပြလာသော အခက်အခဲများအား သုံးပွင့်ဆိုင်ညွန့်ပေါင်းအစည်းအဝေးများတွင် ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ၎င်းတို့မေးမြန်းသော မေးခွန်းများထဲမှ အဖွဲ့ဝင်များ နှုတ်ထွက်သွားသည့်အခါ နောက်အသစ်အဖွဲ့ဝင်အား မည်ကဲ့သို့ လွှဲပြောင်းပေးမည့်ကိစ္စတွင် သက်ဆိုင်ရာဌာနအတွင်း လူသစ်အား ခန့်အပ်မည်လား သို့မဟုတ် EITI နှင့်သက်ဆိုင်သည့် သူအား လွှဲပြောင်းပေးမည်လား မေးခွန်းအား ကိုယ်စားလှယ်များမှ ပြန်လည်ရှင်းပြခဲ့ပါကြောင်း၊ ထို့နောက် မကွေးတိုင်း SNU ကနဦးမိတ်ဆက်အစည်းအဝေး တွင် မကွေးတိုင်းမှ သက်ဆိုင်ရာပုဂ္ဂိုလ်များမှ EITI အကြောင်းစိတ်ဝင်စားမှုအခြေအနေများ၊ လက်ရှိ မြေပြင်အခက်အခဲများကို ဆွေးနွေးခဲ့ကြကြောင်း၊ မြေပြင်အခက်အခဲများဆွေးနွေးရာတွင် မန္တလေးတိုင်းနှင့် မကွေးတိုင်းတွင် များသောအားဖြင့် တူညီသည့်အချက်များရှိကြောင်း၊ အစိုးရအဖွဲ့မှ EITI အကောင်အထည်ဖော်ဆောင်ရွက်ရင်းဖြင့် ရေရှည်တွင် အကျိုးများမှုများစွာရှိပြီး ပြုပြင်ပြောင်းလဲမှုများပြုလုပ်လာနိုင်မည်ဟု ယုံကြည်ထားသည်ဟု သိရကြောင်း၊ EITI နှင့် ပတ်သက်သော မေးခွန်းများကိုလည်း သက်ဆိုင်ရာများမှ မေးမြန်းခဲ့ပြီး ထူးထူးခြားခြားမေးခွန်းတစ်ခုအနေဖြင့် မကွေးတိုင်းတွင် EITI world group ဆိုပြီး အဖွဲ့လည်း ရှိနေပြီး ထိုအဖွဲ့၏ လုပ်ငန်းများနှင့် ယခု မိမိတို့အဖွဲ့၏ လုပ်ငန်းဆောင်တာများ တူညီနေသလား၊ မိမိတို့အဖွဲ့အမည်အားမေးမြန်းခြင်းနှင့် ရေရှည်တွင် ထိရောက်အောင်မြင်အောင် လုပ်ဆောင်နိုင်ပါ့မလားဆိုသည့် မေးခွန်းများအား မေးမြန်းခဲ့ကြောင်း၊ ထို့နောက် CSR လုပ်ငန်းစဉ်အား ဆွေးနွေးခဲ့ကြကြောင်း၊ CSR အကြောင်း မေးမြန်းမှုများကို ကိုယ်စားလှယ်များမှ အကောင်းဆုံးဖြေကြားခဲ့ပါကြောင်း၊ ထို့နောက် မကွေးတိုင်းအစိုးရအဖွဲ့မှ ဖွန်လတွင် ထပ်မံလာရောက်ရန် အသိပေးခဲ့ ကြောင်းစသည့် အခြေအနေများအား ဆွေးနွေးတင်ပြခဲ့ပါသည်။

ကျန်ရှိနေသော ရှမ်းနှင့် စစ်ကိုင်း ခရီးစဉ်အား တဆက်တည်းသွားမသွားနှင့် မည်သည့်အချိန်တွင် သွားမည်ကို ဆွေးနွေးရာတွင် ကိုယ်စားလှယ်များမှ မေလ၊ ဖွန်လ ရက်များတွင် မည့်သည့်အချိန်မဆို လိုက်ပါရန် အဆင်ပြေကြောင်း၊ ရှမ်းခရီးစဉ်အား ဦးစားပေးရန် နှင့် ညှိနှိုင်းရေးမှူး အားမည့်ရက်နှင့် ချိန်ညှိရန် ဆွေးနွေးခဲ့ပါသည်။

ကျန်ရှိနေသေးသော အခြားတိုင်းနှင့်ပြည်နယ် လုပ်ငန်းညှိနှိုင်းရေးအဖွဲ့(SNU) များဖွဲ့စည်းနိုင်ရန် ခွင့်ပြုချက်ကျရန် MATA မှ သမ္မတရုံးသို့ စာတင်ထားပြီး ယခင် သုံးပွင့်ဆိုင်ညွန့်ပေါင်းအစည်းအဝေးများတွင်လည်း ဆွေးနွေးခဲ့ကြကြောင်း၊ ထို့ကြောင့် ညှိနှိုင်းရေးရုံးအနေဖြင့် လိုအပ်သော လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ရန်လိုအပ်ကြောင်းဆွေးနွေးခဲ့ပါသည်။

No (S3/S4), Second Floor, Aung Sun Stadium, Northern Wing, Gyoe Phyu Road,
Mingalar Taung Nyunt Township Yangon.
No. (39), Thiriyadanar Complex, Zabuthiri Township,
Nay Pyi Taw.
+959 400888123 | communication@myanmareiti.org | www.myanmareiti.org

Fiscal Policy, Strategy and EITI Division, Budget Department,
Office No (26), Naypyidaw.
067-410533, | myanmareiti.mopf@gmail.com

MEITI Website အခြေအနေအား တင်ပြရာတွင် ယခု Website သည် လွန်ခဲ့သော (၆) လခန့်က ရှိပြီးသား website အား ပြန်လည်ပြင်ဆင်၍ အသုံးပြုခဲ့ကြကြောင်း၊ သို့သော် ထိရောက်စွာ သုံး၍ မရကြောင်း၊ setting များလွဲခြင်း၊ အခြေအနေမကျခြင်းတို့ကြောင်း၊ ထို website အားပြင်ရန် စဉ်းစား၍ developer တစ်ဦးနှင့် ဆွေးနွေးရာတွင် website အဟောင်းအား ပြင်ဆင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းပြုလုပ်ရန် ကွာခြားမှုမရှိသောကြောင့် အသစ်တည်ဆောက်ရန် ဆုံးဖြတ်ခဲ့ပြီး ထို developer အသစ်မှ တစ်ပတ်အတွင်း ဒီဇိုင်းတင်ပြမည်ဖြစ်ပြီး မိမိတို့မှ ဒီဇိုင်းအား အတည်ပြုပေးပါက လေးပတ်အတွင်း ပြီးစီးနိုင်မည်ဖြစ်ကြောင်း သိရကြောင်း၊ ထို developer အသစ်နှင့်အတူ web portal တည်ဆောက်ပေးနေသူ NRGI မှ ကိုရန်နောင်အုတ် တို့ ဆွေးနွေး၍ ဆောင်ရွက်နေကြောင်း၊ ခန့်မှန်းခြေအနေဖြင့် ဖွန်လအလယ်လောက်တွင် ထို website အသစ်အား launch လုပ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ပါသည်။

Report Launch အတွက် EITI International Standard 2016 အား အုပ်ရေ (၂၀၀၀) ပရင့်ထုတ်ထားပြီး၊ အကျိုးအမြတ်ရရှိ ပိုင်ဆိုင်မှု pamphlet အစောင်ရေ (၁၀၀၀)များလည်း ထုတ်ပြီးဖြစ်ကြောင်း၊ SNU ခရီးစဉ်များတွင်လည်း ထိုစာအုပ်များနှင့် pamphlet များအား ဝေပေးနိုင်ခဲ့ကြောင်း၊ EITI အစီရင်ခံစာ အနှစ်ချုပ်နှင့် အကြံပြုသုံးသပ်ချက်များ ဘာသာပြန်ခြင်းများကို ဆောင်ရွက်ဆဲအခြေအနေတွင် ဖြစ်ကြောင်း၊ Infographic နှင့်ပတ်သက်၍ အနှစ်ချုပ်ပြုလုပ်ခြင်းကို ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ အစီရင်ခံစာကြီးကိုလည်း ဖွန်လအလယ်လောက်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း၊ website contents များ မိမိတို့ communication team မှ ဦးဆောင် ဆောင်ရွက်နေကြောင်း စသဖြင့် ဆွေးနွေးခဲ့ပါသည်။

### ၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးလုပ်ငန်းညှိနှိုင်းရေးအဖွဲ့ (SNU) ခရီးစဉ် ဖြစ်နိုင်ဖွယ် အခြေအနေအား တင်ပြခြင်း (Admin Officer ၊ ညှိနှိုင်းရေးရုံး)

ရှမ်းပြည်နယ်နှင့်စစ်ကိုင်းတိုင်း SNU ခရီးစဉ်များ၏ ဖြစ်နိုင်ဖွယ်ခရီးစဉ်အား ဆွေးနွေးရာတွင် ရန်ကုန်မှ ဟဲဟိုးသို့ မနက် (၈)နာရီတွင် လေယာဉ်ဖြင့် ထွက်ခွာမည်ဖြစ်ပြီး ဟဲဟိုးသို့ မနက် (၉း၁၀)နာရီတွင် ရောက်ရှိပြီး ဟဲဟိုးမှတဆင့် တောင်ကြီးသို့ ကားဖြင့် ခရီးဆက်မည်ဖြစ်ကြောင်း၊နေ့လည် (၁း၀၀) နာရီတွင် အစည်းအဝေးပြုလုပ်၍ ထိုနေ့ ညနေပိုင်းတွင် လေယာဉ်ဖြင့် မန္တလေးသို့ ခရီးဆက်မည်ဖြစ်ကြောင်း၊ ထို့နောက် မန္တလေးမှ မုံရွာသို့ ကားဖြင့် ဆက်လက်သွားမည်ဖြစ်ကြောင်း၊ မုံရွာတွင် တညအိပ်၍ နောက်နေ့ မနက်တွင် မုံရွာတွင် အစည်းအဝေးပြုလုပ်မည်ဖြစ်ကြောင်း၊ ထိုနေ့အစည်းအဝေးပြီးပါက မုံရွာမှ မန္တလေးသို့ ကားဖြင့်ခရီးဆက်မည်ဖြစ်ကြောင်း၊ အချိန်မီပါက လေယာဉ်ဖြင့် မန္တလေးမှ ရန်ကုန်သို့ ခရီးဆက်မည်ဖြစ်ကြောင်း၊ အချိန်မမီပါက မန္တလေးတွင် တညအိပ်ရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ကိုယ်စားလှယ်တစ်ဦးမှ အကြံပြုဆွေးနွေးရာတွင် ဟဲဟိုးမှ မန္တလေးသို့ရောက်ပါက မုံရွာသို့ ကားဖြင့် နေ့ချင်း ခရီးဆက်သင့်ကြောင်း မန္တလေးနှင့်မုံရွာမဝေးသောကြောင့် အချိန်ကို ချုံ၍ ရကြောင်းဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

ခရီးစဉ် ရက်အတိအကျသိရပါက လေယာဉ်လက်မှတ်များစီမံရမည်ဖြစ်သောကြောင့် ရရှိသည့် ရက်စွဲအပေါ်မူတည်၍ အချိန်အပြောင်းအလဲများဖြစ်နိုင်ကြောင်းလည်း ဆွေးနွေးခဲ့ပါသည်။

## ၅။ ပြန်ကြားဆက်သွယ်ရေး မဟာဗျူဟာနှင့် ပြန်ကြားဆက်သွယ်ရေး အစီအစဉ်အား ဆွေး နွေး တင်ပြခြင်း(**အစီအစဉ်မန်နေဂျာ၊ ညှိနှိုင်းရေးရုံး)**

ပြန်ကြားဆက်သွယ်ရေး မဟာဗျူဟာတွင် အခန်းအားဖြင့် (၁၁) ခန်းပါဝင်ကြောင်း၊ MEITI မှ ပြုလုပ်မည့် ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းများအား တခန်းချင်းစီ ဖော်ပြထားကြောင်း၊ ပါဝင်ပတ်သက်သူများ၏ သမိုင်းကြောင်းများထည့်သွင်းဖော်ပြထားခြင်း၊ အခန်း (၇) တွင် message သတင်း ပေးရာတွင် framework မူဘောင်တစ်ခုနှင့်ဆောင်ရွက်ပါက ထိရောက်ကြောင်း ထည့်သွင်းပေး ထားကြောင်း၊ EITI ၂၀၁၆ စံနှုန်းတွင် ချမှတ်ထားသည့် အချက် (၁၂) ချက်ကို အထောက်အပံ့ပေးရန်၊ တွင်းထွက်သယံဇာတလုပ်ငန်းများမှ လူမှုရေး၊ စီးပွားရေးသက်ရောက်မှုများကို နားလည်ရန်၊ ရရှိသော အချက်အလက်များကို အများပြည်သူသို့ အတတ်နိုင်ဆုံး သတင်းပေးရန်၊ ပါဝင်ပတ်သက်သူများအကြားတွင် ထိရောက်သည့် ချိတ်ဆက်ဆောင်ရွက်မှုပြုပေးရန်၊ လူထုအချေအတင်ဆွေးနွေးပွဲများ (public debate) ပြုလုပ်ရန်နှင့် သုတေသနပြုလုပ်ခြင်းပြုလုပ်ရန် စာရွက်စာတမ်းပြုစုခြင်း၊ သီအိုရီရီဗျူး ပြုလုပ်ခြင်း ၊ ဆန်းစစ်သုံးသပ်ခြင်းများ၊ SWOT ပြုလုပ်ခြင်းများ ပါဝင်ကြောင်း၊ အခန်း (၅) တွင် framework တစ်ခုပါဝင်ပြီး သက်ဆိုင်ရာပါဝင်ပတ်သက်သူများသည့် တွင်းထွက်ကဏ္ဍနှင့်သက်ဆိုင်သည့် အခြေခံ ဗဟုသုတ ရှိရမည် ဖြစ်ပြီး ထိုကဏ္ဍအား စီမံခန့်ခွဲသည့် မူဝါဒအား နားလည်ထားရမည်ဖြစ်ပြီး အစီရင်ခံစာ အချက်အလက်များကို ဆန်းစစ်နိုင်ရမည်ဖြစ်ကြောင်း၊ ထိုဆန်းစစ်ခြင်းမှ တဆင့် ပြုပြင်ပြောင်းလဲမှုများသို့ ချဉ်းကပ်မည်ဖြစ်ကြောင်း အသေးစိတ်ကို မဟာဗျူဟာထဲတွင် ရေးသားထားကြောင်းဆွေးနွေးထားပါသည်။ EITI နှင့်ပတ်သက်၍ ယခုဆောင်ရွက်နေကြသည့် ပါဝင်ပတ်သက်သူများအနေဖြင့် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ (MSG)၊ MEITI ညှိနှိုင်းရေးရုံး (MEITI-NCS) ၊ ဥပဒေပြုရေးအတွက်လွှတ်တော် နှင့်အစိုးရအဖွဲ့၊ အရပ်ဖက် အဖွဲ့များ၊ ပုဂ္ဂလိကအဖွဲ့များ၊ နိုင်ငံရေးအဖွဲ့များပါဝင်ပါသည်။ နိုင်ငံရေးအဖွဲ့များအနေဖြင့် အပစ်အခတ်ရပ်စဲရေးစာချုပ်တွင် ပါဝင်သည့် လက်နက်ကိုင်အစုအဖွဲ့များပါဝင်ပါသည်။ ပြန်ကြားဆက်သွယ် ရေး ဆောင်ရွက်ရာတွင် သတင်းစကားများကို အရှင်းလင်းဆုံးနှင့် ရိုးသားစွာ ပြောရန်လည်းပါဝင်ပါသည်။ အခန်း (၈) အနေဖြင့် NCS မှ လုပ်ဆောင်နေသည့် ပြန်ကြားဆက်သွယ်ရေး လုပ်ငန်းအစီအစဉ်တွင်ပါဝင်သည့် websites များ ဖန်တီးခြင်း၊ အချက်အလက်များ ထို website များတွင် တင်ခြင်း၊ အခြား အစိုးရ website များဖြင့် ချိတ်ဆက်ခြင်း၊ MEITI facebook ဖြင့် သတင်းအချက်အလက်များ တင်ခြင်းပြုလုပ်ပါကြောင်း ၊ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအစီအစဉ်အား ပြန်ကြားဆက်သွယ်ရေးနှင့် ပြင်ပဆက်ဆံရေး လုပ်ငန်းခွဲကော်မတီမှ ကြီးကြပ်ပေးရမည်ဖြစ်ပြီး တစ်လ တစ်ကြိမ် လုပ်ငန်းခွဲကော်မတီအစည်းအဝေးများ ကျင်းပခြင်းများ ပါဝင်ကြောင်း၊ ထို့အပြင် နံပါတ်(၃) အနေဖြင့် အချက်အလက်များတည်ဆောက်ခြင်းကို NCS မှ လုပ်ဆောင်နေကြောင်း၊ online library ပြုလုပ်မည့် အစီအစဉ်လည်း ရှိကြောင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် NCS မှ ထုတ်ထားသည့် IEC များအခြေအနေအား MEITI Pamphlet အရေအတွက် (၅၅၀၀) ထုတ်လုပ်ထားပြီး (၄၂၀၀) ကျန်ရှိနေသေးကြောင်း၊ BO Pamphlet အရေအတွက် (၁၀၀၀) ထုတ်ထားပြီး ၆၀၀ ကျော်ကျန်ရှိနေသေးကြောင်း၊ တီရှပ်အနေဖြင့် (၅၀၀) ထုတ်ထားပြီး (၁၀၀) ဝန်းကျင် ကျန်ရှိနေသေးကြောင်း၊ စပို့ရှပ်အနေဖြင့် (၂၀၀) ထုတ်ထားပြီး ၈၀ ခန့် ကျန်နေသေးကြောင်း စသဖြင့် ဆွေးနွေးခဲ့ပါသည်။

EITI သတင်းအနေဖြင့် ၂၀၁၈ ခုနှစ် မေလ (၇) ရက်နေ့ Weekly Eleven တွင် စာရေးဆရာ မင်းချစ်နိုင်မှ EITI ဘာလဲ ဘယ်လဲ ခေါင်းစဉ်ဖြင့် ပါဝင်ခဲ့ကြောင်း၊ သကြ်န်မတိုင်မီ ၂၀၁၈ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် ထို စာရေးဆရာနှင့် NCS တို့တွေ့ဆုံ၍ ဆွေးနွေးမှုများပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ထိုသတင်းသည် ကနဦး မိတ်ဆက် အဖြစ်သာဖြစ်ပြီး နောက်ပိုင်းတွင် စီးရီးဖြင့် ရေးသားဖော်ပြမည်ဟု သိရကြောင်း၊ EITI အစီရင်ခံစာ ဘာသာ ပြန်ရာတွင် ဆောင်ရွက်ဆဲဖြစ်ပြီး EITI Standard 2016 စာအုပ် အရေအတွက် ၂၀၀၀ ထုတ်ထားပြီး ၁၈၀၀ ဝန်းကျင်ကျန်နေသေးကြောင်း၊ ထိုစာအုပ် MATA အနေဖြင့် အုပ်ရေ (၁၀၀) ခန့် ပေးရန် တောင်းဆိုပါ ကြောင်း၊ Report Launch ရက်စွဲအား သတ်မှတ်၍ မရသေးကြောင်း၊ MEITI Website တွင် Webportal နှင့် BO Data အချက်အလက်များပါဝင်မည်ဖြစ်ကြောင်း စသဖြင့် ပြန်ကြားဆက်သွယ် ရေးအစီအစဉ်အား ဆွေးနွေးထားပါ သည်။

ပြန်ကြားဆက်သွယ်ရေး မဟာဗျူဟာ ရှိ အခန်း (၉) တွင် ရည်ရွယ် (၅) ခုနှင့် ချိတ်ဆက်ထားပါကြောင်း၊ ၂၀၁၆ စံနှုန်းတွင်ပါဝင်သည့် မူဘောင် (၁၂) ခုဖြင့် ဆောင်ရွက်နေကြောင်း၊ IEC ထုတ်ဝေခြင်း၊ ပြည်သူလူထု အားဖြန့်ဝေခြင်း၊ ထိုစံနှုန်းအတိုင်းအကောင်အထည်ဖော်ခြင်းတို့ပါဝင်ကြောင်း၊ အခန်း(၂)တွင် တွင်းထွက်လုပ်ငန်း၏ သက်ရောက်မှုကို သိရန်အတွက် အလုပ်ရုံဆွေးနွေးများ၊ လူထုဆွေးနွေးပွဲများပြုလုပ် ရန်ပါဝင်ပါသည်။ အခန်း (၃) အနေဖြင့် အစီရင်ခံစာထုတ်ခြင်း၊ ပြည်သူလူထုနားလည်အောင် ဖြန့်ဝေ ခြင်း၊ SNU များမှ တဆင့် အချက်အလက်များဖြန့်ဝေခြင်းတို့ပါဝင်ပါကြောင်း၊ ထို့နောက် ပါဝင်ပတ်သက်သူများအား ချိတ်ဆက်ပေးခြင်းဖြစ်ပါသည်။ ထို့နောက် ပြန်ကြားဆက်သွယ်ရေးနှင့် ပြင်ပ ဆက်ဆံရေး လုပ်ငန်းခွဲ ကော်မတီ၏ လုပ်ငန်းတာဝန် (၃) ခုအဖြစ် ပြန်ကြားဆက်သွယ်ရေးအစီအစဉ်ကို NCS နှင့် ပူးပေါင်းရေးဆွဲခြင်း၊ ရေးဆွဲထားသော အစီအစဉ်အား အကောင်အထည်ဖော်ခြင်း၊ ထို့နောက် ပြုလုပ်ထားသည့် materials များကို သက်ဆိုင်ရာသို့ ဖြန့်ဝေခြင်းဖြစ်ကြောင်း၊ ထို့နောက် လုပ်ငန်းခွဲ ကော်မတီ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း ပါဝင်ပြီး နောက်ဆုံး တာဝန်အနေဖြင့် SNU ဖွဲ့စည်းခြင်း ဖြစ်ပြီး ထိုလုပ်ငန်းခွဲကော်မတီမှ ကြီးကြပ်ပေးရမည်ဖြစ်ကြောင်းစသဖြင့် ဆွေးနွေးခဲ့ပါသည်။

ပြန်ကြားဆက်သွယ်ရေး မဟာဗျူဟာ မိမိအနေဖြင့် အချောသတ်၍ ကိုယ်စားလှယ်များထံသို့ ပေးပို့ပေးမည် ဖြစ်ကြောင်း၊ မှတ်ချက်များပေးလိုပါက ပေးနိုင်ပြီး ဇွန်လ (၁) ရက်နေ့ သုံးပွင့်ဆိုင်အစည်းအဝေးတွင် အတည် ပြုဆွေးနွေးမည်ဖြစ်ကြောင်း အသိပေးဆွေးနွေးခဲ့ပါသည်။

No (S3/S4), Second Floor, Aung Sun Stadium, Northern Wing, Gyoe Phyu Road,
Mingalar Taung Nyunt Township Yangon.
No. (39), Thiriyadanar Complex, Zabuthiri Township,
Nay Pyi Taw.
+959 400888123 | communication@myanmareiti.org | www.myanmareiti.org

Fiscal Policy, Strategy and EITI Division, Budget Department,
Office No (26), Naypyidaw.
067-410533, | myanmareiti.mopf@gmail.com

## ၆။ ပြန်ကြားဆက်သွယ်ရေးနှင့် ပြင်ပဆက်ဆံရေး လုပ်ငန်းခွဲကော်မတီ (Communication and Outreach Sub – Committee) အစည်းအဝေးဆုံးဖြတ်ချက်များ (၁၇.၀၅.၂၀၁၈)

| စဉ် | ဆွေးနွေးဆုံးဖြတ်ချက်များ | လုပ်ဆောင်မည့်အချိန် | တာဝန်ရှိသူ |
|---|---|---|---|
| ၁။ | SNU trip (ရှမ်း၊ စစ်ကိုင်း) ကို မေလကုန်နှင့် ဇွန်လ ပထမအပတ်အတွင်း ရည်ရွယ်ထားပြီး၊ ချိတ်ဆက်ဆောင်ရွက်မှုများပြုလုပ်ပြီးပါက ခရီးစဉ်တွင် လိုက်ပါမည့်သူစာရင်းနှင့် trip plan တို့ကို ကိုယ်စားလှယ်များထံသို့ အကြောင်းကြားပေးပို့မည်။ | End of May | NCS, MSG members |
| ၂။ | ကျန်ရှိနေသေးသော ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် လုပ်ငန်းညှိနှိုင်းရေးအဖွဲ့ (SNU) (၈) ခုအတွက် အမိန့်ညွှန်ကြားစာထုတ်ရန် လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ရန်။ | | NCS |

MYANMAR MEITI Extractive Industries Transparency Initiative

နောက်ဆက်တွဲ (၁) နည်းပညာ နှင့် အစီရင်ခံစာခံခြင်း လုပ်ငန်းခွဲကော်မတီ (Technical and Reporting sub-committee) အစည်းအဝေး တက်ရောက်သူ များ စာရင်း

| စဉ် | အမည် | အဖွဲ့အစည်းအမည် | ရာထူး | အီးမေးလ်လိပ်စာ |
|---|---|---|---|---|
| ၁ | ဦးအေးမောင်ကြည် | GAD | | ahyemgkyu2016@gmail.com |
| ၂ | ဒေါ်ကြူကြူဝင်း | MGE | | kkyu.1964@gmail.com |
| ၃ | ဦးအောင်ဖြိုးကျော် | MATA | MSG | caspa007@gmail.com |
| ၄ | ဒေါ်မိုးမိုးထွန်း | MATA | MSG | moe2tun@gmail.com |
| ၅ | ဦးထူးအောင် | MATA | | mata.comofficer@gmail.com |
| ၆ | ဒေါက်တာသန္တာအောင် | MFMA | | tda.aks@gmail.com |
| ၇ | ဒေါ်တင်ဇာထွန်း | WB | Consultant | thtun@worldbank.org |
| ၈ | ဒေါ်ခင်ပပခိုင် | MOBD | AD | Khinpapakhaing.kppk@gmail.com |
| ၉ | ဒေါ်နှင်းဝေအောင် | MOBD | | hninwaiaung.budget@gmail.com |
| ၁၀ | ဒေါ်ရွှေရည်ဝင်း | MOBD | Staff Officer | shweyewin.mdy@gmail.com |
| ၁၁ | ဒေါက်တာကျော်ညွန့်မောင် | NCS | PM | kyawnyunt.maung@gmail.com |
| ၁၂ | ဦးထွန်းပေါ်ဦး | NCS | TS | utunpawoo@gmail.com |
| ၁၃ | ဦးကျော်သင်းမောင် | NCS | PA | kyawthinmaun.meiti@gmail.com |
| ၁၄ | ဒေါ်ငယ်ငယ်လွင် | NCS | CO | communication@myanmareiti.org |
| ၁၅ | ဦးစိုးသီဟနိုင် | NCS | AO | admin@myanmareiti.org |
| ၁၆ | ဦးတက်ထွန်းဆိုင် | NCS | Admin Staff | tattunsai.meiti@gmail.com |
| ၁၇ | ဒေါ်ရွှေရည်အောင် | NCS | FO | finance@myanmareiti.org |
| ၁၈ | ဒေါ်အေးချမ်းဝေ | NCS | TO | Ayechanwai.meiti@gmail.com |
| ၁၉ | ဦးဇင်ကိုကိုအောင် | NCS | COA | zinkokoaung.meiti@gmail.com |